MONREC

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၇၄ )          ရက်စွဲ ။ ၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထား သော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးဇင်ဦး(အုပ်ချုပ်မှုဒါရိုက်တာ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - နမ့်ယွန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်<br>နမ့်ယွန်းကျေးရွာအုပ်စု၊ မိုင်းဖြတ်မြို့နယ်၊ ရှမ်းပြည်နယ်၊<br>ဖုန်း ၀၉- ၄၂၂၁၁၄၄၈၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်အလတ်စားထုတ်လုပ်မှုလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ၁၄၈.၅ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်နန်း ကျေးရွာအုပ်စု၊ နမ့်နန်းဒေသ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၁၃-၂-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၂-၂-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ ၂၅-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၄၁၃၁/၃၈၉/ထလရ-၁(၁၆)/နမ့်ယွန်း/၂၀၂၄ ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA)"** |



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**နမ့်ယွန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မှ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်နန်းကျေးရွာအုပ်စု၊ နမ့်နန်းဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်အလတ်စားထုတ်လုပ်မှုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ နမ့်ယွန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်နန်းကျေးရွာအုပ်စု၊ နမ့်နန်းဒေသရှိ မြေဧရိယာ (၄၉.၅) ဧကစီကျယ်ဝန်းသော လုပ်ကွက် (၃) ကွက်၊ စုစုပေါင်းမြေဧရိယာ (၁၄၈.၅) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် အလတ်စားထုတ်လုပ်မှုလုပ်ငန်းအတွက် အမှတ် (၁) သတ္တုတွင်း လုပ်ငန်း၏ ၂၅-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၄၁၃၁/၃၈၉/ ထလရ-၁(၁၆)/ နမ့်ယွန်း/ ၂၀၂၄ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ(EIA)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဇင်ဦး၊ အုပ်ချုပ်မှုဒါရိုက်တာ၊ နမ့်ယွန်းသတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်၊ နမ့်ယွန်းကျေးရွာအုပ်စု၊ မိုင်းဖြတ်မြို့နယ်၊ ရှမ်းပြည်နယ်၊ ဖုန်း ၀၉- ၄၂၂၁၁၄၄၈၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** သတ္တုတူးဖော်ရာတွင် ဟင်းလင်းဖွင့်တူးဖော်ခြင်းနည်း စနစ်ကို အသုံးပြု၍ သတ္တုရိုင်းသန့်စင်ခြင်းအဆင့်တွင် တူးဖော်ရရှိလာသည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် သတ္တုရိုင်းကို ရေပန်းဖြင့်ရေဆေးချပါသည်။ သတ္တုရိုင်းများသည် ရေစီးနှင့်အတူ (၁၅'x ၄') ရှိသော ရေဆေးပုံးအတွင်းသို့စီးဝင်ပြီး သတ္တုရိုင်းနှင့် ရေ၏ကြမ်းပြင်ကို အရှိန်တင်ပေးရန် အဝိုင်းလှည့် ကိရိယာ ၂ ခုကို sluice boxes တွင် တပ်ဆင်ထားပါသည်။ လေးလံသောသတ္တု (MnO2) သည် အောက်ခြေတွင်အနည်ထိုင်ပြီး ပိုမိုပေါ့သောအရာများနှင့် မလိုအပ်သည်များကို ရေနှင့်ဆေးချခြင်းဖြင့် သတ္တုကိုမလိုအပ်သောအရာများနှင့်ခွဲထုတ်မည်ဖြစ်၍ သတ္တုရိုင်းများကိုသယ်ယူခြင်းအတွက် မြေထိုး စက်နှင့် မြေသယ်ယာဉ်များကို အသုံးပြုပြီး ဒေသခံများပိုင်ဆိုင်သည့် ကုန်တင်ကားကြီးများကို ငှားရမ်းပြီး ကုန်ချောထုတ်ကုန်ကို ဈေးကွက်နေရာသို့ သယ်ယူပို့ဆောင်ပါသည်။ နေ့စဉ်သတ္တုရိုင်း တန်ချိန် ၁၀၀ ခန့် ထုတ်လုပ်ရန်လျာထားကြောင်းဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းဧရိယာတွင် လျှပ်စစ်မီးမရရှိသောကြောင့် 50 KV မီးစက် (၂) လုံးကို အသုံးပြု၍ တစ်ရက်လျှင် ရေဂါလန် ၁,၀၀၀,၀၀၀ ခန့် အသုံးပြုမည်ဖြစ်ပြီး ဝန်ထမ်းဦးရေ (၃၇) ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။


၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်နန်းကျေးရွာအုပ်စု၊ နမ့်နန်းဒေသတွင် တည်ရှိပါသည်။

နမ့်ယွန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မှ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်နန်းကျေးရွာအုပ်စု၊ နမ့်နန်းဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်အလတ်စားထုတ်လုပ်မှုလုပ်ငန်း၏ တည်နေရာပြမြေပုံ




- Project Location

## နမ့်ယွန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မှ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်နန်းကျေးရွာအုပ်စု၊ နမ့်နန်းဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်အလတ်စားထုတ်လုပ်မှုလုပ်ငန်း၏ Layout Plan



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက အမှတ် (၁) သတ္တုတွင်း လုပ်ငန်း၏ ၂၅-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၄၁၃၁/၃၈၉/ ထလရ-၁(၁၆)/ နမ့်ယွန်း/ ၂၀၂၄ ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ အခြားဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** သတ္တုတူးဖော်ရာတွင် ဟင်းလင်းဖွင့်တူးဖော်ခြင်းနည်းစနစ်ကိုအသုံးပြု၍ သတ္တုရိုင်းသန့်စင်ခြင်းအဆင့်တွင် တူးဖော်ရရှိလာသည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်သတ္တုရိုင်းကို ရေပန့်ဖြင့်ရေဆေးချပါသည်။ သတ္တုရိုင်းများသည် ရေစီးနှင့်အတူ (၁၅'x ၄') ရှိသော ရေဆေးပုံးအတွင်းသို့စီးဝင်ပြီး သတ္တုရိုင်းနှင့် ရေ၏ ကြမ်းပြင်ကို အရှိန်တင်ပေးရန် အဝိုင်းလှည့်ကိရိယာ ၂ ခုကို sluice boxes တွင် တပ်ဆင်ထားပါသည်။ လေးလံသောသတ္တု ($MnO_2$) သည် အောက်ခြေတွင် အနည်ထိုင်ပြီး ပိုမိုပေါ့သောအရာများနှင့် မလိုအပ်သည်များကို ရေနှင့်ဆေးချခြင်းဖြင့် သတ္တုကို မလိုအပ်သော အရာများနှင့်ခွဲထုတ်မည်ဖြစ်၍ သတ္တုရိုင်းများကိုသယ်ယူခြင်း အတွက် မြေထိုးစက်နှင့် မြေသယ်ယာဉ်များကို အသုံးပြုပြီး ဒေသခံများပိုင်ဆိုင်သည့် ကုန်တင်ကားကြီးများကို ငှားရမ်းပြီး ကုန်ချောထုတ်ကုန်ကို ဈေးကွက်နေရာသို့ သယ်ယူပို့ဆောင်ပါသည်။ နေ့စဉ်သတ္တုရိုင်း တန်ချိန် ၁၀၀ ခန့် ထုတ်လုပ်ရန်လျာထားကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သစ်တောသစ်ပင်များကို မလိုအပ်ဘဲ ဖယ်ရှားရှင်းလင်းခြင်းမပြုလုပ်ရန်၊

(၂) လေတိုက်နှုန်းမြင့်မားချိန်တွင် သတ္တုတူးဖော်ခြင်း၊ သယ်ယူခြင်းနှင့် ပစ္စည်းတင်/ချခြင်းတို့ကို ရပ်နားထားရန်၊

(၃) သတ္တုရိုင်းများကြိတ်ခွဲရာတွင်အစိုကြိတ်ခြင်းနည်းလမ်းကို အသုံးပြုဆောင်ရွက်ရန်၊

(၄) ကြိတ်ခွဲစက်မှထွက်ရှိလာသော ဖုန်မှုန့်များကို ထိန်းချုပ်ရန်အတွက် dust collectors တပ်ဆင်ခြင်းနှင့် ရေဖျန်းခြင်းတို့ ဆောင်ရွက်ရန်၊

(၅) ပစ္စည်းများသယ်ယူရာတွင် အမြင့်ကန့်သတ်ထားရှိရန်၊

(၆) ယာဉ်အသွားအလာမှ ဖုန်မှုန့်ထွက်ရှိမှုကို လျှော့ချရန်အတွက် မော်တော်ယာဉ်မောင်းနှင်နှုန်းကို ကန့်သတ်ထားရှိရန်၊

(၇) နွေရာသီကာလတွင် မြေသားလမ်းများအား တစ်နေ့လျှင် (၂) ကြိမ် ရေဖျန်းရန်နှင့် သန့်ရှင်းရေးပုံမှန်ဆောင်ရွက်ရန်၊

(၈) စက်ယန္တရားများမှ $SO_2$, $NO_2$, Hydrocarbons ထွက်ရှိမှုအနည်းဆုံးဖြစ်စေရေး စက်ယန္တရားများကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားရန်၊

(၉) စွန့်ပစ်ကျောက်များ စုပုံထားရှိရာတွင် အမြင့်ကန့်သတ်ထားရှိရန်၊

(၁၀) စွန့်ပစ်ကျောက်စုပုံထားရှိသည့်နေရာအနီးတွင် Wind breaker တပ်ဆင်ထားခြင်း (သို့မဟုတ်) သတ္တုတူးဖော်သည့်နေရာအနီးတွင် အကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းတို့ ပြုလုပ်ထားရှိရန်၊

(၁၁) ဝန်ထမ်းအလုပ်သမားများအတွက် PPE အလုံအလောက်ထောက်ပံ့ပေးရန်၊

(၁၂) ဖုန်မှုန့်ထွက်ရှိမှု ထိန်းချုပ်ရန်အတွက် သစ်ပင်များစိုက်ပျိုးထားရှိရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တည်ဆောက်ထားရှိရန်၊

(၂) သတ္တုတူးဖော်သည့်နေရာနှင့် မြေအောက်လိုဏ်အတွင်းသို့ ရုတ်တရက် ရေလွှမ်းမိုးခြင်း/ ရေကြီးခြင်းမဖြစ်ပေါ်စေရေး ကာကွယ်ထားရှိရန်၊

(၃) သတ္တုတွင်းထဲသို့ ရေစီးဆင်းဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ရေနုတ်မြောင်းများ တည်ဆောက်ပေးရန်၊

(၄) အပေါ်ယံမြေဆီလွှာများအား သင့်လျော်သောအစီအစဉ်ဖြင့် ကျစ်လစ်မှုရှိစေရေး စုပုံထားရှိရန်နှင့် သတ္တုရိုင်းများအား သီးခြားနေရာတွင် စုပုံထားရှိရန်၊

(၅) ရေစီးလမ်းကြောင်းကိုစစ်ဆေးရန်၊ မြေဆီလွှာများကို ထိန်းသိမ်းထားရှိရန် အတွက် ရေမြောင်းများကိုဖြတ်၍ အကာအကွယ်များ ဆောက်လုပ်ထားရှိရန်နှင့် တိုက်စားမှုနှင့် မြေပြိုမှုမဖြစ်ပေါ်စေရေး ကာကွယ်ထားရှိရန်၊

(၆) အနည်စစ်ကန်နှင့် နုန်းစစ်ကန်များ တည်ဆောက်ထားရှိရန်၊

(၇) Acid Mine Drainage မဖြစ်ပေါ်စေရေး သတ္တုစုပုံထားရှိသည့်နေရာ အောက်ခြေကို ကွန်ကရစ်ခင်းထားရန်၊

(၈) စွန့်ပစ်မြေစာများ တိုက်စားမှုကာကွယ်စေရေး မြေစာပုံပတ်လည်တွင် ရေမြောင်းငယ်များ တည်ဆောက်ထားရှိရန်၊

(၉) တူးဖော်သည့်နေရာနှင့် မြေအောက်လိုဏ်အတွင်း ရေစီးဆင်းဝင်ရောက်မှု မရှိစေရေး ကာကွယ်ထားရှိရန်၊

(၁၀) ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း ပြုလုပ်ဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းအလုပ်သမားများအား PPE၊ နားကြပ်/ နားအကာအကွယ်များ လုံလောက်စွာ ထောက်ပံ့ပေးရန်၊

(၂) ဆူညံသံထွက်ရှိမှုနည်းသည့် စက်ပစ္စည်းကိရိယာများကို ရွေးချယ်အသုံးပြုရန်၊

(၃) ဆူညံသံထွက်ရှိမှုကို လျှော့ချရန်အတွက် စက်ပစ္စည်းအဟောင်းများကို ပြုပြင်ထိန်းသိမ်းထားရှိရန်၊

(၄) တုန်ခါမှုကိုလျှော့ချရန်အတွက် ကုန်တင်ကား၊ မြေသယ်ယာဉ်တို့အား အရှိန်လျှော့၍ မောင်းနှင်စေရန်၊

(၅) ဆူညံသံထွက်ရှိမှုကို ပုံမှန်စောင့်ကြပ်ကြည့်ရှု စစ်ဆေးရန်၊

(၆) လုပ်ကွက်အနီးဝန်းကျင်တွင် အကြီးမြန်သစ်ပင်ကြီးများ စိုက်ပျိုးထားရှိရန်။

(စ) **မြေဆီလွှာညစ်ညမ်းခြင်းစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သစ်တောသစ်ပင်များကို လိုအပ်သည်ထက်ပို၍ ခုတ်ထွင်ရှင်းလင်းခြင်းမပြုရန်၊

(၂) နုန်းအနည်ကျခြင်းအား ထိန်းချုပ်ဆောင်ရွက်ရန်၊

(၃) အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာပုံများအား တိုက်စားမှုနှင့် မျောပါမှုမရှိစေရေးဆောင်ရွက်ရန်နှင့် အနည်ကျရောက်ခြင်းများ မဖြစ်ပေါ်စေရေး ထိန်းချုပ်ဆောင်ရွက်ရန်၊

(၄) မြေစာများစုပုံထားရှိရာတွင် လျှောစောက် ၃၇ ံ ထက် ကျော်လွန်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(၅) အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများကာကွယ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) မြေတိုက်စားမှုစီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ထားရှိမှုများကို ပုံမှန်စစ်ဆေး ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေဆီလွှာ၊ စွန့်ပစ်မြေစာနှင့် အခြားစွန့်ပစ်ပစ္စည်းများစုပုံထားသည့် နေရာပတ်လည်တွင် အကာအရံများထားရှိရန်၊

(၂) အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများအား သီးခြားစုပုံထားရှိရန်၊

(၃) အပေါ်ယံမြေစာနှင့် စွန့်ပစ်မြေစာစုပုံထားရှိမည့်နေရာအတွက် မလိုအပ်ဘဲ သစ်တောသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းမပြုလုပ်ရန်၊

(၄) အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများ တိုက်စားမှုနှင့် ပြိုကျမှုမှကာကွယ်ရန် အတွက် အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများစုပုံရာတွင် ကျစ်လစ်သိပ်သည်းမှုရှိစေရေး စနစ်တကျစုပုံထားရှိရန်၊

(၅) အပေါ်ယံမြေစာများအား သစ်ပင်များပြန်လည်စိုက်ပျိုးရန်အတွက် အသုံးပြုရန်၊

(၆) မြေစာများစုပုံရာတွင် လျှောစောက် ၃၇° ထက်ကျော်လွန်မှုမရှိစေရေး ဆောင်ရွက်ထားရှိရန်၊

(၇) သဘာဝရေနုတ်မြောင်းများအား တတ်နိုင်သမျှ ပြင်ဆင်ပြောင်းလဲခြင်းများ မပြုလုပ်ရန်၊

(၈) အပေါ်ယံမြေစာနှင့် စွန့်ပစ်မြေစာများအား အနီးဝန်းကျင်ကျေးရွာများနှင့် လယ်မြေများအနီးတွင် စုပုံခြင်းမှရှောင်ကြဉ်ရန်၊

(၉) တူးဖော်ထားသည့် ကျင်း/ ချိုင့်များအား စွန့်ပစ်မြေစာများဖြင့် မြေဖို့ခြင်းများ ဆောင်ရွက်ရန်နှင့် အပေါ်ယံမြေစာများအား သစ်ပင်များပြန်လည် စိုက်ပျိုးရာတွင် အသုံးပြုရန်၊

(၁၀) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်။

(ဇ) **လောင်စာဆီ၊ ဓာတုဗေဒပစ္စည်းနှင့် ပေါက်ကွဲစေသောပစ္စည်းများထိန်းသိမ်းကာကွယ်ခြင်း အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လောင်စာဆီသိုလှောင်ရုံသည် လုံခြုံပြီး ကန့်သတ်ထားရှိသောဧရိယာတွင် ထားရှိရန်၊

(၂) ဆီသိုလှောင်ရုံအနီးတွင် ဆေးလိပ်သောက်ခြင်းနှင့် လျှပ်စစ်ပစ္စည်းများ သုံးစွဲခြင်း မပြုရန်၊

(၃) ဝန်ထမ်းအလုပ်သမားများအား လောင်စာဆီသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ကိုင်တွယ်အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းစေရေး အသိပညာပေးရန်နှင့် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်သွားရန်၊

(၄) မီးငြှိမ်းသတ်ရေးပစ္စည်းကိရိယာများ လုံလောက်စွာ ထောက်ပံ့ပေးသွားရန်၊

(၅) မတော်တဆဆီယိုဖိတ်မှုများမဖြစ်အောင် တားဆီးဆောင်ရွက်ရန်၊

(၆) အသုံးပြုပြီးသော စက်ဆီ၊ ချောဆီများအား မြေပေါ်နှင့် ရေထဲသို့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ရန်၊

(၇) လောင်စာဆီကန်နှင့် လောင်စာဆီအသုံးပြုမှုများကို စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်။

(ဈ) **ယာဉ်သွားလာမှုအပေါ်ထိန်းချုပ်ရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) ကုန်တင်ကားများ ဝန်ပိုသယ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် သယ်ယူပို့ဆောင်ရာတွင် ဖိတ်စဉ်ခြင်းများမဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်၊

(၂) ယာဉ်မောင်းသူများအား အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်စေရေး အသိပညာပေးရန်နှင့် အများပြည်သူအသုံးပြုသည့်လမ်းများတွင် မောင်းနှင်ရာ၌ အရှိန်လျှော့၍ မောင်းနှင်စေရန်၊

(၃) ဖုန်မှုန့်ထွက်ရှိမှုလျော့နည်းစေရန်နှင့် ဒေသခံပြည်သူများနှင့် တိရစ္ဆာန်များထိခိုက်ဒဏ်ရာရရှိမှုမရှိစေရန်ကျေးရွာအနီးဖြတ်သန်းသွားလာရာတွင် ယာဉ်များအရှိန်လျှော့၍ မောင်းနှင်စေရန်၊

(၄) လုပ်ကွက်အဝင်လမ်းနှင့် လမ်းမကြီးတစ်လျှောက်တို့တွင် ယာဉ်ကြောနှင့် သက်ဆိုင်သည့် ဆိုင်းဘုတ်နှင့် အမြန်နှုန်းကန့်သတ်ဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်၊

(၅) ယာဉ်တစ်စီးစီအတွက် မှတ်တမ်းစာအုပ်ထားရှိရန်၊

(၆) ဒေသခံများအား ဖုန်မှုန့်ထွက်ရှိမှု၊ ဆူညံသံနှင့်တုန်ခါမှုတို့နှင့်ပတ်သက်၍ တိုင်ကြားပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိရန်။

(ည) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အခိုးအငွေ့နှင့် ဖုန်မှုန့်များကို တတ်နိုင်သမျှထိန်းချုပ်ဆောင်ရွက်သွားရန်၊

(၂) လုပ်ကွက်အနီးတစ်ဝိုက်ရှိ ကျေးရွာများအတွင်း မီးခိုးငွေ့များမရောက်ရှိစေရေး အမှိုက်များအားလဟာပြင်တွင် မီးရှို့ခြင်းမှ ရှောင်ကြဉ်သွားရန်၊

(၃) ကူးစက်ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၄) ဝန်ထမ်းလုပ်သားများအား ကျင့်ဝတ်၊ စည်းကမ်းများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်၊

(၅) ယာဉ်မောင်းများအား ဘေးကင်းစွာမောင်းနှင်စေရန်နှင့် ယာဉ်ကြောဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ထားရှိရန်၊

(၆) လောင်စာဆီကဲ့သို့သော အန္တရာယ်ရှိသောပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ချက်ချင်းသတင်းပေးပို့ဆောင်ရွက်သွားရန်၊

(၈) အန္တရာယ်ကင်းသော လုပ်ငန်းခွင်နေရာနှင့် အခြေအနေများ ဖန်တီးပေးရန်၊

(၉) ဝန်ထမ်းလုပ်သားများအတွက် အိမ်သာ၊ ရေချိုးခန်း၊ သောက်သုံးရေနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်ရန်နေရာများ လုံလောက်စွာထားရှိပေးရန်၊

(၁၀) ဝန်ထမ်းအလုပ်သမားများအတွက် ဝန်ထမ်းအိမ်ရာများ စီစဉ်ပေးထားရန်၊

(၁၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုအစီအစဉ် အသေးစိတ်ရေးဆွဲဆောင်ရွက်ရန်နှင့် အလုပ်သမားများအားလုံးအတွက် နှစ်စဉ် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ရန်။

(ဋ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်၊ ကြိုတင်ပြင်ဆင်မှုအစီအစဉ်၊ အရေးပေါ် အခြေအနေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အရေးပေါ်အခြေအနေဖြစ်ပေါ် လာပါက ဆောင်ရွက်မည့်အစီအစဉ်၊ ရှေးဦးသူနာပြုစုနည်း၊ ကယ်ဆယ်ရေး အစီအစဉ်နှင့် ဆေးရုံသို့ပို့၍ကုသပေးခြင်းများ စီစဉ်ဆောင်ရွက်ရန်၊

(၂) မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအစီအစဉ်များရေးဆွဲ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၃) မြို့နယ်မီးသတ်တပ်ဖွဲ့၏အကူအညီဖြင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာသင်တန်းများ လေ့ကျင့်သင်ကြားပေးရန်နှင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ ထောက်ပံ့ပေးသွားရန်၊

(၄) ကြက်ခြေနီအသင်း၏အကူအညီဖြင့် ဝန်ထမ်းအလုပ်သမားများအား ရှေးဦး သူနာပြုသင်တန်းများ ပို့ချပေးရန်နှင့် ဆေးဝါး၊ ပစ္စည်းကိရိယာများ လုံလောက်စွာထောက်ပံ့ပေးရန်၊

(၅) ဝန်ထမ်းများထိခိုက်ဒဏ်ရာရရှိပါက ရှေးဦးသူနာပြုစုခြင်းနည်းဖြင့် ကုသပေး၍ နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးရန်၊

(၆) မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအဖွဲ့အစည်း၊ လူနာတင်ယာဉ်၊ ဆေးရုံနှင့် ဆေးခန်းစသည်တို့၏ လိပ်စာများအား ဝန်ထမ်းများအလွယ်တကူ မြင်တွေ့ နိုင်သောနေရာတွင် ထားရှိသွားရန်၊

(၇) ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် PPE ဝတ်စုံများ အလုံအလောက်ထောက်ပံ့ပေးရန်။

(ဌ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ္တုတူးဖော်သည့်နေရာနှင့် လုပ်ငန်းဆောင်ရွက်မည့်နေရာတို့တွင် မလိုအပ်ဘဲ သစ်တော၊ သစ်ပင်များရှင်းလင်းခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရန်၊

(၂) လမ်းတစ်လျှောက် မလိုအပ်ဘဲ စိုက်ခင်းများခုတ်ထွင်ရှင်းလင်းခြင်းကို ရှောင်ကြဉ်ရန်နှင့် သစ်ပင်ကြီးများအား ထိန်းသိမ်းထားရှိရန်၊

(၃) မတော်တဆမီးလောင်မှုမဖြစ်စေရေး ဆောင်ရွက်ထားရှိရန်၊

(၄) ဖုန်မှုန့်ထွက်ရှိမှုများကို ထိန်းချုပ်ဆောင်ရွက်သွားရန်၊

(၅) Green belt အဖြစ်ဖော်ဆောင်နိုင်ရေး စီမံထားရှိရန်၊

(၆) လုပ်ကွက်ဧရိယာတွင် မြက်ပင်နှင့် သစ်ပင်များစိုက်ပျိုးထားရှိရန်၊

(၇) ကုမ္ပဏီမှ ပျိုးဥယျာဉ်တစ်ခုထားရှိ၍ မိုင်းပိတ်သိမ်းချိန်တွင် အသုံးပြုရန်အတွက် ဒေသနှင့်သင့်လျော်သောပျိုးပင်များ စိုက်ပျိုးထားရှိရန်၊

(၈) ကြွက်၊ ငှက်စသည့် သတ္တဝါငယ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်ခြင်းနှင့် ဖမ်းဆီးခြင်းတို့ကို တားမြစ်ထားရန်၊

(၉) တိရစ္ဆာန်များအပေါ် အနှောင့်အယှက်ဖြစ်စေမှုအား အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ရန်။

(၃) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့် တုန်ခါမှုနှင့်ပတ်သက်၍ သတ္တုတူးဖော်သည့်နေရာ၊ လုပ်ငန်းဆောင်ရွက်သည့်နေရာနှင့် ကျေးရွာတို့တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါအတိုင်း တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊

(၂) စွန့်ပစ်ရေ၊ စီးဆင်းရေအရည်အသွေးနှင့်ပတ်သက်၍ စွန့်ပစ်ရေ (စွန့်ထုတ်) သည့်နေရာ နှင့် Arsenic, Cadmium, COD, Chromium, Copper, Cyanide, Iron, Lead, Mercury, Nickel, pH, Temperature, Total suspended solids, Zinc တို့အား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၃) လေထုအရည်အသွေးနှင့်ပတ်သက်၍ သတ္တုတူးဖော်သည့်နေရာ၊ လုပ်ငန်းဆောင်ရွက်သည့်နေရာနှင့် ကျေးရွာတို့တွင် $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$, $O_3$ တို့အား စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၄) တိုက်စားမှုနှင့်နုန်းအနည်ကျရောက်မှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်သည့်နေရာအနီးတစ်ဝိုက်တွင် မိုးရာသီအတွင်း အပတ်စဉ် စောင့်ကြပ် ကြည့်ရှုရန်၊

(၅) ဇီဝမျိုးစုံမျိုးကွဲများ၏အခြေအနေ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ပတ်သက်၍ လုပ်ကွက်တည်နေရာအတွင်း/ အပြင်ရှိ သစ်ပင်နှင့် တိရစ္ဆာန်တို့၏ တည်နေရာများအား (၃) လ တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်သက်၍ လုပ်ငန်းခွင်အခြေအနေ၊ မတော်တဆမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးဝါးလိုအပ်ချက်တို့အား နေ့စဉ်၊ အပတ်စဉ်စောင့်ကြပ်ကြည့်ရှုရန်။

(ဃ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေတုန့်ပြန်ရေး အစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(င) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) **လျာထားအသုံးစရိတ်။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် အစီအစဉ်ခွဲများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတွက် လုံလောက်သည့် ရန်ပုံငွေထားရှိ သုံးစွဲရန်နှင့် ယင်းရန်ပုံငွေနှင့် မလုံလောက်ပါက ထပ်မံကျခံသုံးစွဲရမည်ဖြစ်ပါသည်။

(ဆ) **မိုင်းပိတ်သိမ်းခြင်းအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းချိန်တွင် တူးဖော်ထားရှိသည့် ကျင်း/ ချိုင့်များအား အပေါ်ယံမြေဆီလွှာ၊ စွန့်ပစ်မြေစာများဖြင့် မြေပြန်လည်ဖို့ရန်၊

(၂) မိုင်းပိတ်သိမ်းချိန်တွင် မြောင်းဘောင်များနှင့် ရေမြောင်းများအားလုံးကို သဘာဝအတိုင်း ထိခိုက်ပျက်စီးမှုမရှိစေရေး ဆောင်ရွက်ရန်၊

(၃) မိုင်းပိတ်သိမ်းချိန်တွင် မြေအရည်အသွေး၊ ရေအရည်အသွေးနှင့် လေအရည်အသွေးတို့အား ခေတ်ခွဲစမ်းသပ်ရန်၊

(၄) မိုင်းပိတ်သိမ်းချိန်တွင် တည်ဆောက်ထားသော အဆောက်အဦများနှင့် ပြန်လည်အသုံးပြု၍ရသောပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း၊ ရောင်းချခြင်းနှင့်ပြန်လည်အသုံးပြု၍မရသောပစ္စည်းများအား စွန့်ပစ်ရန်၊

(၅) လုပ်ငန်းသုံးစက်ပစ္စည်းနှင့် ယန္တရားများကို စနစ်တကျဖြုတ်သိမ်း၍ လိုအပ်သည့်နေရာများတွင် ပြန်လည်အသုံးပြုခြင်းနှင့် ရောင်းချခြင်းတို့ ဆောင်ရွက်ရန်၊

(၆) ပျိုးခင်းမှပျိုးပင်များကို မိုင်းပိတ်သိမ်းချိန်တွင် သစ်ပင်များပြန်လည်စိုက်ပျိုးရန်အတွက်အသုံးပြုရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောက်လုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိ

လာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေးဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှု တို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) အဆိုပြုလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၄) သတ္တုခွင်ပြုမိန့်တွင်ပါရှိသည့် ဟင်းလင်းဖွင့်တူးဖော်ခြင်းနှင့် မြေအောက်တူးဖော်ခြင်းစနစ်တို့ဖြင့်သာ တူးဖော်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သောပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ်

တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင်မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံ ရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ် နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန် သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့်

ပြည်ထောင်စု ရေး

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိဆောင်ရွက်ပေးရန်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး

စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို

မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီးကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါကမူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ်

ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်း အဆိုပြုသူမှကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA) ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဦးစီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင်ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင် ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့်ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက် အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---